# ပညာ၊ ကျန်းမာ၊ စည်ပင်သာယာရေးဌာန။
# ရန်ကုန်နေပြည်တော် စည်ပင်သာယာရေးကိစ္စအရပ်ရပ်အတွက်။ စီမံခန့်ခွဲရန် ပြဋ္ဌာန်းသောတချက်လွှတ်အမိန့်တော်။
# ၁၉၄၂ ခု၊ တချက်လွှတ်အမိန့်အမှတ်စဉ် ၃။
**(၁၃၀၄ ခု၊ တော်သလင်းလဆန်း ၁၀ ရက်။)**

**(၁၉၄၂ ခု၊ စက်တဘ်ာလ ၁၉ ရက်)**

ရန်ကုန်နေပြည်တော်၏ စည်ပင်သာယာရေး ကိစ္စအရပ်ရပ်ကို ဗမာနိုင်ငံတော် အစိုးရ က၊ အရေးတယူ ပြန်လည်ထူထောင်ရန် အခြေဆိုက်ရောက်နေပြီ ဖြစ်သောကြောင့်၊ ဗမာနိုင်ငံအတွင်းရှိ၊ နိပ္ပွန်အသျှင်ဧကရာဇ်မင်းမြတ်တပ်မတော် သေနာပတိကြီး၏ ခွင့်ပြုချက်အရ၊ ဗမာနိုင်ငံတော်ဝန်ကြီး ချုပ်သည်။ အောက်ပါတချက်လွှတ်အမိန့်တော်ကို ကျေညာသည်။

၁။ ။ (က) ဤအမိန့်တော်ကို "**၁၉၄၂ ခုနှစ်၊ ရန်ကုန်နေပြည်တော်စည်ပင်ရေးအဖွဲ့ တချက်လွှတ်အမိန့် တော်**"ဟု ခေါ်တွင်စေရမည်။

(ခ) ဤအမိန့်သည်၊ ချက်ခြင်းတည်စေရမည်။

၂။ ။ ရှေ့အပိုဒ်များ၌ "နေပြည်တော် စည်ပင်ရေးအဖွဲ့"ဟု ခေါ်ဆိုမည့် ရန်ကုန်နေပြည်တော် စည်ပင် သာယာရေးအဖွဲ့သည်၊ နိုင်ငံတော်အစိုးရလက်အောက်ခံဖြစ်စေရမည်။

၃။ ။ နိုင်ငံတော်အစိုးရမှာ၊ နေပြည်တော်စည်ပင်ရေးအဖွဲ့၏ ဆောင်ရွက်ချက်၊ ပိုင်းဖြတ်ချက်နှင့် အမိန့် ဟူသမျှကို၊ စစ်ဆေးပြင်ဆင်နိုင်သော အာဏာရှိသည်။ အခါအခွင့် သင့်သည့်အားလျော်ညီစွာ၊ နိုင်ငံတော် အစိုးရက ထုတ်ပြန်မည်ဖြစ်သော ညွှန်ကြားချက်များနှင့် အမိန့်များကို၊ နေပြည်တော်စည်ပင်ရေး အဖွဲ့က ဆောင်ရွက်ရမည်။

၄။ ။ အကြံပေးတာဝန်သာရှိသော နေပြည်တော်အဖွဲ့ချုပ် တခုရှိရမည်။ ထိုအဖွဲ့ချုပ်၌ အရာရှိမဟုတ်သူ အဖွဲ့ချုပ်လူကြီးဦးရေ (၂၀) ထက်မများပါဝင်စေမည့်အပြင်၊ အထူးကျွမ်းကျင်သော ပညာအရည်အချင်း ရှိသော ကြောင့်သော်၎င်း၊ ဌာနဆိုင်ရာ ကျွမ်းကျင်သောပညာအရည်အချင်းရှိသောကြောင့် သော်၎င်း၊ ရွေးချယ်အပ်သူ နိုင်ငံတော်အမှုထမ်းအဖွဲ့ချုပ်လူကြီး (၄) ဦးထက်မများပါဝင်စေရမည်။ ထိုအဖွဲ့ချုပ် လူကြီးအားလုံးကိုနိုင်ငံတော်အစိုးရကခန့်မည်။

၅။ ။ နေပြည်တော်စည်ပင်ရေးအဖွဲ့၏ အကြီးအကဲမှာ၊ နေပြည်တော်ဝန်ဖြစ်သည်။ နေပြည်တော်ဝန်ကို သေနာပတိကြီး၏ သဘောတူချက်အရ၊ ဗမာနိုင်ငံတော်ဝန်ကြီးချုပ်က ခန့်မည်။ နေပြည်တော်ဝန်၏ရုံး၌ ဗမာနိုင်ငံတော်အစိုးရ သဘောတူညီချက်ရပြီးသော အမှုထမ်းအရာထမ်းများ ရှိနိုင်စေလိမ့်မည်။ ထို့ပြင် ပြည်မှုကိစ္စ အရပ်ရပ်ကိုကျေပြွန်စွာ ဆောင်ရွက်နိုင်စိမ့်သောငှါ၊ နေပြည်တော်ဝန်အတွက် တနှစ်လျှင် ပြည်မှုရေးရာစရိတ်ငွေကျပ် ၆၀၀၀ (ငွေခြောက်ထောင်) သတ်မှတ်ထားရှိရမည်။

၆။ ။ နေပြည်တော်ဝန်သည်၊ နေပြည်တော်စည်ပင်ရေး အုပ်ချုပ်မှု ကောင်းမွန်စေရန် တာဝန်ခံ၍ဆောင် ရွက်ရမည်။

၇။ ။ နေပြည်တော် စည်ပင်ရေးအဖွဲ့၌ နေပြည်တော် စည်ပင်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးတယောက်။ အတွင်းရေးမှူးတစ်ယောက်။ လက်ထောက်အတွင်းရေးမှူးတယောက်ရှိစေရမည်။ နေပြည်တော်စည်ပင် ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး၏ တာဝန်ဝတ္တရားများမှာ၊ အုပ်ချုပ်ရေးဝတ္တရားများနှင့် ဆောင်ရွက်ရေး ဝတ္တရားများဖြစ်သည်။

၈။ ။ နေပြည်တော်ဝန်နှင့် နေပြည်တော် စည်ပင်ရေးအဖွဲ့အုပ်ချုပ်ရေးမှူးတို့သည်၊ မိမိတို့ဆိုင် ရာတာဝန် ဝတ္တရားများနှင့် ပတ်သက်၍ သဘောကွဲလွဲခဲ့သော်၊ ထိုကွဲလွဲချက်များကို နိုင်ငံတော်အစိုးရထံသို့ တင်ပြရ မည်။ နိုင်ငံတော်အစိုးရ၏ ပိုင်းဖြတ်ချက်သည် အတည်ဖြစ်စေမည်။

၉။ ။ နေပြည်တော်စည်ပင်ရေးအဖွဲ့တွင်၊ ဌာနအသီးသီးကို အုပ်ချုပ်ရမည့် အကြီးအကဲများအပြင်၊ ပြည်သူ့အကျိုးနှင့် အထူးသက်ဆိုင်မည်ဟု ထင်မြင်ယူဆသောအခြားအရာရှိများကိုလည်း၊ ဗမာနိုင်ငံ တော်အစိုးရက တိုက်ရိုက်ခန့်မည်။ ဤအမိန့်တော်အပိုဒ်ကို ရှင်းလင်းစေရန် မည်သည့်ရာထူးများသည်၊ ပြည်သူ့အကျိုးနှင့် သက်ဆိုင်သည်ကို နိုင်ငံတော်အစိုးရက ကြိုတင်၍ကျေညာမည်။

၁၀။ ။ နိုင်ငံတော်အစိုးရသည်၊ အဖွဲ့ချုပ်လူကြီးများထဲမှ ရွေးချယ်၍၊ "ရာထူးခန့်ထားရေးအဖွဲ့ ခွဲ" တခု ဖွဲ့စည်းခန့်ထားမည်။ အမိန့်တော်အပိုဒ် ၉ ၌ ပါဝင်သော ရာထူးများမှတပါး၊ အခြားရာထူးများအတွက် ရာထူးခန့်ထားရေးအဖွဲ့ခွဲသည်၊ လျှောက်ထားသူများအထဲမှရွေးချယ်၍၊ နေပြည်တော်စည်ပင်ရေးအဖွဲ့သို့ ထောက်ခံချက်များဖြင့် တင်ပြရမည်။ နေပြည်တော်ဝန်သည်၊ တာဝန်ခံအရာရှိဖြစ်သည့်အား လျော်ညီစွာ၊ ရာထူးခန့်ထားရေးအဖွဲ့ခွဲ၌ နာယကဖြစ်ရမည်။ နေပြည်တော် စည်ပင်ရေးအဖွဲ့အုပ်ချုပ် ရေးမှူးသည်၊ တာဝန်ခံအရာရှိဖြစ်သည့်အားလျော်ညီစွာ၊ ထိုအဖွဲ့ခွဲ၌ လူကြီးတဦးအဖြစ်ပါဝင်ရမည်။

၁၁။ ။ နေပြည်တော်စည်ပင်ရေးအဖွဲ့က ခန့်ထားသော ရာထမ်းမှုထမ်းအားလုံးအတွက်၊ နိုင်ငံတော် အစိုးရ၏ အတည်ပြုချက်ကိုယူရမည်။ ရာထူးခန့်အာဏာတွင် ရာထူးနှုတ်အာဏာ၊ ရာထူးချအာဏာနှင့် အသေးအဖွဲ့အပြစ်ပေးအာဏာများပါဝင်သည်။

၁၂။ ။ နေပြည်တော်စည်ပင်ရေးအဖွဲ့၏ ရုံးသုံးဘာသာမှာ ဗမာဘာသာဖြစ်စေရမည်။

၁၃။ ။ ရန်ကုန်နေပြည်တော်အတွင်းရှိ ဈေးဆိုင်ကန္နား၊ လျှပ်စစ်ဓါတ်အားပေးမှု၊ ခရီးသည်တင်ဆောင် သယ်ပို့မှုစသော ပြည်သူ့အကျိုးနှင့်သက်ဆိုင်သော ကိစ္စဟူသမျှကို နေပြည်တော်စည်ပင်ရေးအဖွဲ့က၊ ဖြစ်မြောက်နိုင်သမျှဆောင်ရွက်ရမည်။

၁၄။ ။ ရန်ကုန်နေပြည်တော်၏ မူလစည်ပင်သာယာသောအခြေသို့ပြန်လည်ဆိုက်ရောက်စိမ့်သောငှါ။ ရန်ကုန်နေပြည်တော်နယ်နိမိတ်အတွင်းရှိ ရန်သူ့ပစ္စည်းများမှတပါး၊ ဤအရေးအာရှတိုက်စစ်ပွဲကြီး၌ အင်္ဂလိပ်စစ်တပ်များနှင့်အတူ၊ ဗမာနိုင်ငံမှထွက်ခွါသွားသော တရားဝင်ပိုင်ဆိုင်သူများ၏ ပစ္စည်းများကို၊ အောက်ပါ ဖေါ်ပြချက်များနှင့်တိုက်ဆိုင် ညီညွတ်သည်ဟု နေပြည်တော်စည်ပင်ရေးအဖွဲ့က ထင်မြင်ယူဆ ခဲ့သော်၊ ထိုအဖွဲ့ကသိမ်းဆည်းနိုင်သည်။

(က) ရန်ကုန်နေပြည်တော်သားများအားဘေးအန္တရာယ်ဖြစ်စေမည့်ပစ္စည်းမျိုး။

(ခ) ရန်ကုန်နေပြည်တော်၊ သို့မဟုတ် နေပြည်တော်စည်ပင်ရေးအဖွဲ့၏ အကျိုးစီးပွါးကို ထိခိုက်ပျက်စီး စေမည့် ပစ္စည်းမျိုး။

၁၅။ ။ နေပြည်တော် စည်ပင်ရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ ပညာရေးကိစ္စနှင့်စပ်လျဉ်း၍၊ နေပြည်တော် စည်ပင်ရေးအဖွဲ့ကခန့်ထားသောပညာရေးအဖွဲ့ ခွဲသည်၊ နိုင်ငံတော်အစိုးရကို အကြံပေးရမည်။

၁၆။ ။ အခါအခွင့် သင့်သည့်အားလျော်ညီစွာ၊ နိုင်ငံတော်အစိုးရက လွှဲအပ်ပေးမည်ဖြစ်သော ရန်ကုန် နေပြည်တော်နယ်နိမိတ်အတွင်းရှိ ပြည်သူများနှင့် သက်ဆိုင်သောပစ္စည်းများနှင့် အဖွဲ့အစည်းများကို နေပြည်တော်စည်ပင်ရေးအဖွဲ့က အုပ်ချုပ်စီမံရမည်။

၁၇။ ။ နေပြည်တော်ဝန်သည်၊ နေပြည်တော်စည်ပင်ရေးအဖွဲ့၏ အဖွဲ့ချုပ် အစည်းအဝေးဟူသမျှ၌ တတ်နိုင်သလောက်နာယကအဖြစ်ဆောင်ရွက်ရမည်။

၁၈။ ။ နေပြည်တော်စည်ပင်ရေးအဖွဲ့သည်၊ သက်တန်းအလိုက် အဖွဲ့ခွဲများနှင့် ဌာနများကိုလိုအပ်သ လောက်ဖွဲ့စည်းရမည်။

၁၉။ ။ နေပြည်တော်စည်ပင်ရေးအဖွဲ့ ပိုင်ငွေဟူသမျှကို၊ နိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သော ဘဏ်တိုက်၌၊ မဆိုင်းငံ့ဘဲအပ်နှံထားရမည်။ အသုံးရှိသည့်အခါတိုင်းနိုင်ငံတော်အစိုးရက ခန့်ထားသော နေပြည်တော် စည်ပင်ရေးအဖွဲ့ အရာရှိများက ချက်လက်မှတ်၌ လက်မှတ်ထိုး၍ ထုတ်ပေးရမည်။

၂၀။ ။ ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ် အက်ဥပဒေ (နောက်ထပ်ဖြည့်စွက်ပြင်ဆင်ထားသော ဗမာနိုင်ငံတော် အက်ဥပဒေ ၆) ၌ပါရှိသောပြဋ္ဌာန်းချက်များသည်၊ ဤတချက်လွှတ်အမိန့်တော်နှင့် မညီမညွတ်ရှိနေခဲ့သော်ငငြား၊ ဆန့်ကျင်ဖြစ်နေခဲ့သော်ငငြား၊ ဤတချက်လွှတ်အမိန့်တော်ကို လိုက်နာရမည်။

ဘမော်။

ဝန်ကြီးချုပ်။

ရန်ကုန်မြို့ ၁၉၄၂ ခု၊ စက်တဘ်ာလ ၁၉ ရက်။

(၁၃၀၄ ခု၊ တော်သလင်းလဆန်း ၁၀ ရက်။)